# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
# အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

## FDAနှင့် ပတ်သက်၍ သိရှိရမည့် အချက်အလက်များ


ဒေါက်တာစုစုပိုင်
လက်ထောက်ညွှန်ကြားရေးမှူး


၃၀-၃-၂၀၁၉

- ❑ အစားအသောက် အဓိပ္ပါယ်ဖွင့်ဆိုချက်
- ❑ ဥပဒေ/ နည်းဥပဒေ / အမိန့်
- ❑ အစားအသောက်ဌာနခွဲ၏ ဆောင်ရွက်ချက်များ

# အစားအသောက် အခ်ိပ္ပါယ်ဖွင့်ဆိုချက်

## အစားအသောက်ဆိုသည်မှာ

**ဆေးဝါး၊ ဆေးရွက်ကြီးနှင့် အလှကုန်ပစ္စည်းမှအပ** လူတို့ စားသောက်နိုင် သော စားသောက်ဖွယ်ရာနှင့် ယင်းတို့တွင်ပါရှိသောပစ္စည်း သို့မဟုတ် အစားအသောက် ထပ်ဖြည့်ပစ္စည်းကိုဆိုသည်။ ယင်းစကားရပ်တွင် ကျန်းမာရေး ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့် ကြော်ငြာစာထုတ်ပြန်၍ အစားအသောက်ဟု သတ်မှတ်သောပစ္စည်းလည်းပါဝင်သည်။

**( အမျိုးသားအစားအသောက်ဥပဒေ)**

# ဥပဒေ/ နည်းဥပဒေ / အမိန့်

**အခန်း (၆) လိုင်စင်ကို ကာလသတ်မှတ်ချက်ဖြင့် ခေတ္တရပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း**

- **ပုဒ်မ ၁၃** - မြို့နယ်အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီသည် အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား ယာယီ သို့မဟုတ် အမြဲတမ်း ပိတ်ပင်တား မြစ်ခြင်းပြစ်ဒဏ်ကိုချမှတ်နိုင်သည်

  - (က) ကျန်းမာရေးနှင့်ညီညွတ်သန့်ရှင်းမှုမရှိသော အခြေအနေတွင် အစာအသောက်ကို ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း ၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း၊

  - (ခ) အစားအသောက်မှ တဆင့် ကူးဆက်နိုင်သောရောဂါရှိသူ သို့မဟုတ် အဆိုပါ ရောဂါပိုး သယ်ဆောင်သူကို အစားအသောက်ထုတ်လုပ်သော၊ သယ်ယူပို့ ဆောင်သော၊ ဖြန့်ဖြူး သော သို့မဟုတ် ရောင်းချသော နေရာသို့ဝင်ရောက်စေခြင်း၊ အလုပ်လုပ်ကိုင်စေခြင်း၊

# ဥပဒေ/ နည်းဥပဒေ / အမိန့်

## အခန်း (၁၀) တားမြစ်ချက်များ

- **ပုဒ်မ ၂၁** - မည်သူမျှ ပုဒ်မ ၁၃ အရ ချမှတ်သောအမိန့် တစ်ရပ်ရပ်ကိုလိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ
- **ပုဒ်မ ၂၂** - မည်သူမျှ အောက်ဖော်ပြပါအစားအသောက်ကို ထုတ်လုပ်ခြင်း၊ ပြည်တွင်း သို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သိုလှောင်ခြင်း ၊သယ်ယူပို့ ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချ ခြင်း မပြုရ
    - (က)စားသုံးသူကိုအဆိပ်သင့်စေနိုင်သော၊ ဘေးဥပါဒ်အန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် ကျန်းမာရေးကိုထိခိုက်စေနိုင်သော အစားအသောက်
    - (ခ) အစားအသောက်၏သဘာဝ၊ ဒြပ်ဝထ္ထု သို့မဟုတ် အရည်အသွေး ကိုထိခိုက်စေပြီး ဘေးဥပါဒ်အန္တရာယ်ဖြစ်စေရန် အရာဝထ္ထုတစ်ခုလုံးကိုဖြစ်စေ၊တစ်စိတ် တစ်ပိုင်း ကို ဖြစ်စေ၊ အစားထိုးထားသော သို့မဟုတ် ရောစပ်ထားသောအစားအသောက်အလုပ် လုပ်ကိုင်စေခြင်း၊

# ဥပဒေ/ နည်းဥပဒေ / အမိန့်

- (ဂ) အစားအသောက်ထပ်ဖြည့်ပစ္စည်း ကိုသတ်မှတ်ချက်ထက် ပိုမိုအသုံးပြုထားသော အစားအသောက်
- (ဃ) သက်ဆိုင်ရာကသတ်မှတ်ထားသည့်   စိုက်ပျိုးရေးဆိုင်ရာ ဓါတ်ပစ္စည်းအများဆုံး ပါဝင် နိုင်ခွင့် ရှိသော ပမာဏထက်   ပိုမိုပါရှိသောအစားအသောက်
- (င) သက်ဆိုင်ရာက တားမြစ်ထားသည့်ပစ္စည်းဖြစ်စေ၊ ခွင့်မပြုသည့်ပစ္စည်းဖြစ်စေပါရှိသော အစားအသောက်
- (စ) ပုပ်သိုးသော၊ ပျက်စီးသော သို့မဟုတ်လူတို့   စားသုံးရန်မသင့်လျော်သောပစ္စည်းပါရှိသည့် အစားအသောက်၊
- (ဆ) စံမညီအစားအသောက်၊
- (ဇ) အစားအသောက်တွင်မပါဝင်သည့် ဂုဏ်သတ္တိကို အမှတ်တံဆိပ်ပေါ်တွင် လွဲမှား ဖော်ပြထား သောအစားအသောက်၊
- (ဈ) လိုင်စင်ထုတ်ပေး ပိုင်ခွင့်ရှိသော သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းက သတ်မှတ်သည့် ဖော်ပြရမည့် အချက်အလက်များမပါရှိသော အစားအသောက်

# ဥပဒေ/ နည်းဥပဒေ / အမိန့်

## အခန်း (၁၁) ပြစ်မှုနှင့် ပြစ်ဒဏ်များ

- ပုဒ်မ ၂၆ - မည်သူမျှ ပုဒ်မ ၂၁ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား **ထောင်ဒဏ် ၁ နှစ် အထိဖြစ်စေ၊ ဒဏ်ငွေ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ် အထိဖြစ်စေ ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ** ချမှတ်ရမည်။
- ပုဒ်မ ၂၇ - မည်သူမျှ ပုဒ်မ ၂၁ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက် ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရပြီးနောက် **ဆက်လက်၍ လိုက်နာရန် ပျက်ကွက်လျှင် ထိုသူအားဆက်လက်၍ ပျက်ကွက်သည့်နေ့ အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ် ငါးထောင် ချမှတ်ရမည်။**

# ဥပဒေ/ နည်းဥပဒေ / အမိန့်

- ❑ **ပုဒ်မ ၂၈** - မည်သူမျှ ပုဒ်မ ၂၂ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် -
  - ❖ (က) ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င) သို့မဟုတ် (စ) ပါ အစားအသောက်နှင့် သက်ဆိုင်သည့် ပြစ်မှု ဖြစ်ပါက ထိုသူအား **ထောင်ဒဏ် ၃ နှစ် အထိဖြစ်စေ၊ ကျပ်သုံးသိန်းထက် မပိုသော ငွေဒဏ် အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ** ချမှတ်ရမည်။
  - ❖ (ခ) ပုဒ်မခွဲ (ဆ)၊ (ဇ) သို့မဟုတ် (ဈ) ပါ အစားအသောက်နှင့် သက်ဆိုင်သည့် ပြစ်မှု ဖြစ်ပါက ထိုသူအား **ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ** ချမှတ်ရမည်။
  - ❖ (ဂ) **ပြစ်မှုနှင့် သက်ဆိုင်သော သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာ အဖြစ်သိမ်းဆည်း** ရမည်။

# အစားအသောက်ဌာနခွဲ၏ ဆောင်ရွက်ချက်များ

- ဈေးကွက်မတင်မီစိစစ်ခြင်း (Pre market Assessment)
- ဈေးကွက်တင်ပြီးနောက်စိစစ်ခြင်း (Post market Assessment)
- အန္တရာယ်ရှိမှုစိစစ်ခြင်း (Risk Assessment)
- သင်တန်း/ အလုပ်ရုံဆွေးနွေးပွဲ (Trainings/Workshop)
- ကျန်းမာရေးအသိပညာပေးခြင်း (Health Education)
- နှီးနွှယ်ဌာန/ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း (Collaboration with related departments /organizations – NGO / INGO)

# ဈေးကွက် မတင်မီ စိစစ်ခြင်း

- ပြည်တွင်းအစားအသောက်ထုတ်လုပ်သည့်လုပ်ငန်းများအား အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက် နှင့်ထောက်ခံချက်ထုတ်ပေးသည့် အစားအသောက်အမယ်စာရင်း ထုတ်ပေးခြင်း

  **(Product Registration)**

- သွင်းကုန်လိုင်စင်လျှောက်ထားရန် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက် ထုတ်ပေးခြင်း **(Import Recommendation)**

- ပို့ကုန်လိုင်စင်လျှောက်ထားရန် အစား(အသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက် ထုတ်ပေးခြင်း **(Export Recommendation)**

- အစားအသောက်တင်သွင်းခြင်းအတွက် ကျန်းမာရေးထောက်ခံချက် ထုတ်ပေးခြင်း

  **(Health Certificate of Food for Importation)**

- အစားအသောက်တင်ပို့ခြင်းအတွက် ကျန်းမာရေးထောက်ခံချက် ထုတ်ပေးခြင်း

  **(Health Certificate of Food for Exportation)**

# အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက် ထုတ်ပေးခြင်း နည်းစဥ် အဆင့်ဆင့်

- ❖ ထောက်ခံချက်လျှောက်ထားခြင်း
- ❖ Documents စိစစ်ခြင်း
- ❖ စက်ရုံသို့ Inspection Team ဖြင့် ကွင်းဆင်းစစ်ဆေးခြင်း
- ✓ ကွင်းဆင်းစစ်ဆေးစဥ် ကောက်ယူခဲ့သော **အစားအသောက်နမူနာများ ဓါတ်ခွဲပေးပို့စစ်ဆေးခြင်း**
- ✓ ကွင်းဆင်းစစ်ဆေးစဥ် ပြင်ဆင်/ ပြုပြင်ရန် လိုအပ်ချက်များရှိပါက Inspection Team ၏ ညွှန်ကြားချက်အတိုင်း **ဆောင်ရွက်ပြီးစီးမှုဓါတ်ပုံမှတ်တမ်း ၊ Documents များထပ်မံတင်ပြခြင်း**

- စက်ရုံဖွဲ့စည်းပုံ၊ အမှတ်တံဆိပ် နှင့် ဓါတ်ခွဲအဖြေ၊ သတ်မှတ်ချက်နှင့် ကိုက်ညီပြီး ပြင်ဆင်ပြီးစီးမှုမှတ်တမ်းများတင်ပြမှု **ပြည့်စုံပါက** ဗဟိုအစာ/ ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီအစည်းအဝေးသို့ ထောက်ခံချက်ထုတ်ပေးနိုင်ပါရန် တင်ပြခြင်း
- ဗဟိုအစာ/ ဆေးဝါးကြီးကြပ်ကွပ်ကဲ ရေးကော်မတီအစည်းအဝေးမှ အတည်ပြုပါက အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက်ထုတ်ပေးခြင်း
- **GMP- ၂နှစ် , GHP- ၁နှစ် သက်တမ်း**
- သက်တမ်း တိုးခြင်း ကို **သက်တမ်းမကုန်မီ ၂လ** ကြိုတင် လျှောက်ထားရမည် ဖြစ်ပါသည်။

# အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက်လျှောက်ထားရာတွင် လိုအပ်သော စာရွက်စာတမ်းများ

- အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ သတ်မှတ်လျှောက်လွှာပုံစံ
- လျှောက်ထားလိုသည့် အစားအသောက်အမည် ၊ အမှတ်တံဆိပ်အမည်၊ ထုပ်ပိုးပစ္စည်းအမျိုးအစား နှင့် ထုပ်ပိုးအရွယ်အစား(Kind of food, Brand name, Type & size of packaging)
- ဝန်ထမ်းစာရင်း (အမည်၊ ပညာအရည်အချင်း၊ တာဝန်)
- အမှတ်တံဆိပ်နမူနာနှင့် အမှတ်တံဆိပ်မှတ်ပုံတင်မိတ္တူ (Label sample and copy of label registration document)

- စက်ရုံအခန်းဖွဲ့စည်းပုံ( Factory layout)-အတိုင်းအတာ ပါရှိရမည်
- စက်ရုံတည်နေရာပြမြေပုံ(Localization map)
- အစားအသောက်ကုန်ကြမ်းတစ်မျိုးထက် ပို၍ပါဝင်ပါက - ပါဝင်ပစ္စည်းအမျိုးအစားနှင့်အချိုးအဆများတင်ပြရန် ( Recipe) -များရာမှ နည်းရာ
- အသုံးပြုသောစက်ကရိယာပစ္စည်းစာရင်းနှင့်ယင်းစက်ကရိယာပစ္စည်းများ၏အသေးစိတ်သတ်မှတ်ချက် (machine specifications)
- ကုန်ကြမ်းပစ္စည်းများ၏အရည်အသွေးသတ်မှတ်ချက်များ(raw material specifications)

- ထုတ်လုပ်ပုံနည်းစဉ်အဆင့်ဆင့်(Production  process –including time ,temperature)
- ထုတ်လုပ်ပုံ နည်းစဉ်အဆင့်အဆင့်အား ဓါတ်ပုံမှတ်တမ်းဖြင့်တင်ပြရန် (Photo records of production process)
- အရည်အသွေးထိန်းသိမ်းမှု အစီအစဉ်(QC/QA procedure)
- ဝန်ထမ်းများ၏ ကျန်းမာရေးဆေးစစ်မှတ်တမ်း(သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန)

- ❖ အမှတ်တံဆိပ်ပေါ်တွင် ဖော်ပြထားချက်များ
  - ✓ အမှတ်တံဆိပ်ပေါ်တွင် Halal logo ဖော်ပြထားလျှင် ဟာလာထောက်ခံချက် (Halal Certificate ) တင်ပြရန်
  - ✓ အမှတ်တံဆိပ်ပေါ်တွင် barcode ဖော်ပြထားလျှင် barcode explanation တင်ပြရန်
  - ✓ အမှတ်တံဆိပ်ပေါ်တွင် အာဟာရတန်ဖိုးဇယား (Nutritional facts) ဖော်ပြထားလျှင် back- up data တင်ပြရန်
- ❖ စည်ပင်လိုင်စင်/ အသေးစားစက်မှု/လက်မှုမှတ်ပုံတင် ရရှိထားလျှင် မိတ္တူများ တင်ပြရန်

# စက်ရုံစစ်ဆေးခြင်း

## 1) အဆောက်အဦး မြေနေရာအခင်းအကျင်း

- ❖ ပတ်ဝန်းကျင်သင့်တင့်လျောက်ပတ်မှု
- ❖ လူနေနှင့်သီးခြားရှိမှု
- ❖ စက်ရုံအကျယ်အဝန်း နှင့် လုပ်ငန်းမျှတမှု
- ❖ စက်ရုံအတွင်း/ အပြင် သန့်ရှင်းမှု
- ❖ ကြမ်းပြင်/ နံရံ/ မျက်နှာကြက်- သန့်ရှင်းရေးလွယ်ကူ ( ကျောက်ပြားခင်း / epoxy paint သုတ်/ ကြွေပြားကပ်)
- ❖ အလင်းရောင် လုံလောက်မှုရှိ ခြင်း
- ❖ လေဝင်လေထွက် ကောင်းမွန်အောင် စီစဉ်ထားရှိခြင်း

- ❖ ကွဲပြားသောလုပ်ငန်းအလိုက် အခန်းများကန့်ထား ခြင်း
  - ✓ အဝတ်လဲခန်း
  - ✓ ကုန်ကြမ်းစတိုခန်း , ကုန်ချောစတိုခန်း
  - ✓ ထုတ်လုပ်မှုအတွက် ပြင်ဆင်မှု အခန်း
  - ✓ ထုတ်လုပ်မှုအခန်း
  - ✓ ထုတ်ပိုးခန်း ***
- ❖ တံခါး- အလိုအလျောက်ပိတ်တံခါးများ ( ဆင်နာရွက်တံခါးများ) ***

## 2) စက်ပစ္စည်းများ

- လုပ်ငန်းအလိုက်သင့်လျော်သောစက်များဖြစ်ခြင်း
- တပ်ဆင်ထားမှုလုပ်ငန်းကိုမထိခိုက်ခြင်း
- ကောင်းစွာပြုပြင်ထိန်းသိမ်းထားခြင်း
- သေချာစွာ(ပုံမှန်) ဆေးကြောသန့်စင်ထားခြင်း
- ပြင်ပမှညစ်ညမ်းပစ္စည်းများမဝင်နိုင်ရန်ကာကွယ်ထားသောစက်ဖြစ်ခြင်း
- စက်ပစ္စည်းများ၏ အသေးစိတ်သတ်မှတ်ချက်/ တိုင်းပြည်

## 3) ဝန်ထမ်းလုပ်သား

- ❖ မန်နေဂျာမှသန့်ရှင်းရေးသင်တန်းပေးခြင်း( တစ်ကိုယ်ရေသန့်.ရှင်းရေး၊အစားအသောက် မညစ်ညမ်း စေရန်ရှောင်ကြဥ်ရမည့်ကိစ္စများ၊ ထုတ်လုပ်မှုအဆင့်ဆင့်တွင် သန့်ရှင်းစွာ ဆောင်ရွက်ရန်)
- ❖ ကျန်းမာရေးဆေးစစ်ခြင်း(အလုပ်မခန့်မီ နှင့် လုပ်ငန်းခွင်ဝင်ပြီး (၆) လတစ်ကြိမ်- သက်ဆိုင်ရာမြို့နယ် ပြည်သူ့ ကျန်းမာရေးဦးစီးဌာန)
- ❖ ကူးစက်ရောဂါရှိသူ/ ရောဂါသယ်ဆောင်သူ/ အရေပြားရောဂါ/ ပြည်တည်နာ/ ထိခိုက်ရှနာ/ ဝမ်းပျက်ဝမ်းလျှော- အစားအသောက်မကိုင်တွယ်ရ

- လုပ်ငန်းခွင်သုံးဝတ်စုံ (ယူနီဖောင်း၊ အပေါ်ဂဝတ်ရုံ/ ခေါင်းဆောင်း/နှာခေါင်းစည်း/ လက်အိပ်/ သီးသန့်ဘိနပ်) ဝတ်ဆင်ထားခြင်း
- လက်ဝတ်လက်စားများဝတ်မထားရ
- အပြုအမူ ( အစာစား/ ပီကေ/ ဆေးလိပ်သောက်/ ကွမ်းဝါး/ တံတွေးထွေး)
- အရည်အချင်းပြည့်မီသော ကြီးကြပ်သူမှတာဝန်ယူရ မည်

# 4) သန့်ရှင်းရေးအစီအစဉ်

- လုပ်ငန်းခွင်အဝင်/ သန့်စင်ခန်းအထွက် / ထုတ်လုပ်မှု နေရာ- လက်ဆေး၊ လက်ခြောက်ရန် အစီအစဉ်၊ 'လက်ဆေးပါ' သတိပေးစာတန်းရှိခြင်း
- သင့်လျော်သောနေရာ၌ သန့်ရှင်း၍ လွယ်ကူစွာဆေးကြောနိုင်သော သန့်စင်ခန်းရှိခြင်း
- အဝတ်လဲခန်း သီးသန့်ရှိခြင်း၊ လုပ်သားနားနေခန်း/ စားသောက်ခန်းသီးသန့်ရှိခြင်း
- အမှိုက်ပုံး- အဖုံး/ ခြေနင်းပါ (လုံလောက်)
- လုပ်ငန်းခွင်၊ စက်ကရိယာ၊ အသုံးဆောင်ပစ္စည်း-ဆေးကြောခြင်းကြီးကြပ်ရန် hazards, contamination အကြောင်းနားလည်သော ဝန်ထမ်းသီးသန့်တာဝန်ပေးရန်
- ဘေးထွက်ပစ္စည်း/ စွန့်ပစ်ပစ္စည်း - စနစ်တကျသိုလှောင် စွန့်ပစ်ရန် စီစဉ်ထားရှိမှု
- အိမ်မွေးတိရစ္ဆာန် / ယင်/ ကြွက် -ဝင်ရောက်မှုမရှိစေရန် စီမံထားရှိခြင်း

## 5) ထုတ်လုပ်မှုလုပ်ငန်းစဉ်

- ❖ လုပ်ငန်းကျွမ်းကျင်သူမှ ကြီးကြပ်ရမည်
- ❖ လုပ်ငန်းစဉ်အားလုံးကိုနှောင့်နှေးမှု လုံးဝမရှိစေဘဲ ဆောင်ရွက်ရမည်
- ❖ အစားအသောက်
  - ✓ လုပ်ငန်းသုံးရေ- potable water
  - ✓ အစားအသောက်ကုန်ကြမ်းများ- ချိန်တွယ်၊ ရောစပ်
  - ✓ ထုတ်လုပ်မှုအဆင့်ဆင့်

## 6) စက်ရုံအခန်းဖွဲ့စည်းပုံ

- ❖ တင်ပြထားချက်နှင့်ကိုက်ညီမှုရှိ/ မရှိ
- ❖ ကုန်ကြမ်းမှ  ကုန်ချောအဆင့်ဆင့်ထုတ်လုပ်ရာတွင်ညစ်ညမ်းမှု မဖြစ်စေရန်
- ❖ အခန်းများအစဥ်အလိုက်စနစ်တကျဖွဲ့ထားမှု

# အသင့်ထုပ်ပိုးပြီး အစားအသောက် တစ်ခုတွင် ပါဝင် ရမည့် အမှတ်တံဆိပ် ဖော်ပြချက်များ

- ❖ အစားအသောက်အမျိုးအစား
- ❖ ကုန်အမှတ်တံဆိပ်
- ❖ အသားတင်အလေးချိန်/ ပမာဏ
- ❖ ပါဝင်ပစ္စည်းဖော်ပြချက် (များရာမှနည်းရာသို့)
- ❖ ထုတ်လုပ်သည့်စက်ရုံအမည်နှင့်လိပ်စာ
- ❖ ထုတ်လုပ်သည့်တိုင်းပြည်
- ❖ ရက်စွဲအမှတ်အသား (ထုတ်လုပ်ရက်စွဲ၊ ကုန်ဆုံးရက်စွဲ နှင့်ထုတ်လုပ်သည့် အပတ်စဉ် အမှတ်)
- ❖ သုံးစွဲရန်အညွှန်း/ ထားသို ရန်အညွှန်း

# ဈေးကွက်တင်ပြီး ဈေးကွက်နမူနာကောက်ယူခြင်း

- မုန့်ဖတ်၊ ပဲပြား၊ ပဲသွေး
- စိမ်းစားငါးပိ
- လက်ဖက်၊ ဂျင်း
- ငရုတ်သီးမှုန့်
- ယိုစုံ (Preserved fruits)၊ ငရုတ်ဆီ၊ ပုန်းရည်ကြီး
- ဘူးသွင်းစားသုံးဆီ ( အထူးသဖြင့် ဘူးသွင်းရောနှောဆီ)
- သောက်ရေသန့်ဘူး
- ပြုပြင်ထုတ်လုပ်သော အေးခဲအသား/ငါးထွက်စားသောက်ကုန်များ
- အမှတ်တံဆိပ်ပြည့်စုံစွာမဖော်ပြထားသော အစားအသောက်များ
- နို့စို့ကလေးနှင့်ကလေးငယ်အတွက်ဖော်စပ်ထုတ်လုပ်ထားသောအစားအသောက်

## အစားအသောက်များတွင် သုံးစွဲရန် ခွင့်မပြုသောဆိုးဆေးများ နှင့် တွေ့ရ လေ့ရှိသော အစားအသောက် အမျိုးအစားများ




- Auramine O (yellow colour) (pickled tea leaves)
- Rhodamine B (red colour) (shrimp paste)
- Sudan Dyes (red colour) (chilli powder)
- Orange II (orange colour) (chilli powder, lentil, preserved fruits)

- ဆိုးဆေးပါဝင်သော အစားအသောက်များ စားသောက်မိပါက အစာအိမ်အူလမ်းကြောင်း ရောင်ရမ်းခြင်း၊ ပျို့ခြင်း၊ အန်ခြင်း၊

  ဦးနှောက် အာရုံကြော ထိုင်းမှိုင်းခြင်း၊ အသည်းနှင့်ကျောက်ကပ်ပျက်စီးခြင်း၊ ကင်ဆာရောဂါဖြစ်ပွားစေခြင်း၊ ကလေးများတွင် ခန္ဓာကိုယ်ကြီးထွားမှုကို ထိခိုက်စေခြင်းတို့ကို ဖြစ်စေပါသည်။



# အစားအသောက်များတွင် သုံးစွဲရန်ခွင့်မပြုသည့် အစားအသောက် ထပ်ဖြည့်ပစ္စည်းများနှင့် အသုံးပြုလေ့ရှိသော အစားအသောက် အမျိုးအစားများ

## Formalin

- ဖော်မလင်ဆိုသည်မှာ အရောင်အဆင်းမရှိ အနံ့ပြင်းသော Formaldehyde ဓာတ်ပေါင်းပါဝင်သော အရည်တစ်မျိုးဖြစ်သည်။
- ဖော်မလင်ကို လူသေအလောင်းများ မပုပ်မသိုးအောင်ပြုလုပ်ရာတွင် လည်းကောင်း၊ စက္ကူစက်ရုံ၊ အထည်စက်ရုံများတွင် ပလပ်စတစ် Resin များ ထုတ်လုပ်ရာတွင် လည်းကောင်း အသုံးပြုသည်။

- ဖော်မလင်ကို အစားအသောက်များတွင် လုံးဝထည့်သွင်းအသုံးပြုခြင်း မပြုရ။
- မြန်မာနိုင်ငံတွင် ဖော်မလင်ကို မုန့်ဖတ်၊ ပဲပြား၊ ပဲသွေး (အမဲသွေး) များ တာရှည်ခံရန် ထည့်သွင်းအသုံးပြုကြသည်
- ဖော်မလင်ပါဝင်သော အစားအသောက်များကို ရေရှည်အားဖြင့် (သို့မဟုတ်) ပမာဏများစွာ စားသုံးမိပါက ပြင်းထန်စွာ ဗိုက်အောင့်ခြင်း၊ ဗိုက်နာခြင်း၊ အော့အန်ခြင်း၊ သတိလစ်မေ့မြောခြင်း၊ ကျောက်ကပ်ပျက်စီး ခြင်းနှင့် အသက်အန္တရာယ်ဆုံးရှုံးသည်အထိ ဖြစ်ပေါ်စေနိုင်ပါသည်။


MOBILE LABORATORY




3

## Boric Acid (Borax)

- Borax သည် အနံ့မရှိ၊ ကြည်လင်သော ပုံဆောင်ခဲ အမှုန့် (သို့) အဖြူရောင် အမှုန့်ဖြစ်သည်။
- ရေထဲတွင် အလွယ်တကူပျော်ဝင်နိုင်သည်။
- အစားအသောက်များတွင် သုံးစွဲခွင့်မပြုပါ။
- မှိုမပေါက်အောင် တားဆီးပေးနိုင်သော ဂုဏ်သတ္တိကြောင့် အသားလုံး၊ အသားပြား၊ ကြက်အူချောင်း၊ ဝက်အူချောင်းနှင့် ခေါက်ဆွဲအစို/ ခေါက်ဆွဲ ခြောက်ထဲတွင် တာရှည်ခံဆေးအဖြစ် အသုံးပြုကြသည်။

## Sodium Hydrosulphite

- Sodium Hydrosulphite သည် အရောင်ချွတ်ရာတွင် အသုံးပြုသည့် Bleaching Agent တစ်မျိုးဖြစ်သည်။
- အစားအသောက်များတွင် သုံးစွဲရန်ခွင့်မပြုပါ။

## Salicylic Acid

- Salicylic Acid ကို အရောင်ကျဆေး၊ ပဋိဇီဝဆေး စသည်တို့တွင် အသုံးပြုသည်။ အများအားဖြင့် အရေပြားလိမ်းဆေးများနှင့် အလှကုန်များတွင် အဓိကသုံးသည်။
- အစားအသောက်များတွင် သုံးစွဲခွင့်မပြုပါ။

# သတိပြုသင့်သည့် အစားအသောက်များ

- Sodium Hydrosulphite နှင့် Salicylic Acid များ အသုံးပြုလေ့ရှိသော အစားအသောက်များမှာ တာရှည်ခံစေရန် ပြုလုပ်ထား သော သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များ (ဥပမာ- ပဲပင်ပေါက်၊ မျှစ်ချဉ်၊ သစ်သီးခြောက်များ) ၊ အချဉ်တည်ထားသော (သို့မဟုတ်) သနပ် တည်ထားသော ဟင်းသီးဟင်းရွက်များ (ဥပမာ- သခွားသီး၊ ကြက်သွန်၊ ဆလတ်ရွက်၊ မုန်ညှင်းရွက်၊ ဂေါ်ဖီ) စသည်တို့တွင် အများအားဖြင့် တွေ့ရ လေ့ရှိပါသည်။

# အစားအသောက်များတွင် သုံးစွဲရန်ခွင့်ပြုသည့် အစားအသောက်ထပ်ဖြည့် ပစ္စည်း

## Sodium Benzoate

- Sodium Benzoate ဆိုသည်မှာ အစားအသောက်များတွင် သုံးစွဲရန်ခွင့်ပြုထား သော ခွင့်ပြုဓါတုပစ္စည်းဖြစ်ပြီး အနံ့မရှိသောအဖြူရောင်/ အရောင်မဲ့သော ရေတွင် အလွယ်တကူပျော်ဝင်နိုင်သည့် benzoic acid sodium ဆားတစ်မျိုး ဖြစ်သည်။
- ပိုးသတ်နိုင်သည့်ဂုဏ်သတ္တိကြောင့် အစားအသောက်များ၊အလှကုန်များ နှင့်ဆေးဝါး များတွင် ကြာရှည်ခံဆေးအနေဖြင့် အသုံးပြုကြသည်။
- Potassium Sorbate အစား Sodium Benzoate ကို အချိုရည် လုပ်ငန်းများတွင် အစားထိုးအသုံးပြုကြသည်။

- ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန-ရန်ကုန်၏ ဈေးကွက်နမူနာ ကောက်ယူစစ်ဆေးချက်အရ ယိုစုံ၊ ငရုတ်ဆီ၊ အချိုရည်အချိုတို့တွင် အမြင့်ဆုံး ခွင့်ပြုသတ်မှတ်ချက်ထက် ကျော်လွန်စွာ သုံးစွဲနေသည်ကို တွေ့ရှိရပါသည်။
- အစားအသောက်များတွင် Sodium Benzoate ကို ခွင့်ပြုသတ်မှတ်ချက်ထက်ကျော်လွန် သုံးစွဲခြင်း မပြုရန်

## Potassium Sorbate

- Potassium Sorbate သည် အစားအသောက်များတွင် သုံးစွဲရန်ခွင့်ပြုထားသော ခွင့်ပြုဓါတုပစ္စည်းဖြစ်ပြီး အဖြူရောင်ရှိသည့် sorbic acid ပါဝင်သော ရေတွင် အလွယ်တကူပျော်ဝင်သည့် potassium ဆားတစ်မျိုး ဖြစ်သည်။
- အစားအသောက်များရှိ မှိုနှင့်ပိုးမွှားများကိုတားဆီးပြီး အစားအသောက်သက်တမ်းကိုထိန်းသိမ်းထားနိုင်သည့် ဂုဏ်သတ္တိကြောင့် အစားအသောက်များ ကြာရှည်ခံစေရန် အတွက် အသုံးပြုသည်။
- Potassium Sorbate ကို အသားခြောက်၊ ပန်းသီးရှာလကာရည် ၊ အချိုရည်၊ သစ်သီးဖျော်ရည်နှင့် မုန့်ဖုတ်လုပ်ငန်းများတွင် အများဆုံး အသုံးပြုသည်။

Website; [www.fdamyanmar.gov.mm](http://www.fdamyanmar.gov.mm)

Facebook;(1) Food and Drug Administration, Myanmar

(2) YGN FDA

# ကျေးဇူးတင်ပါသည်